# အင်္ဂလန်ခရီး မပြီးသေးပါ (၁၆)

အရှင်ဉာဏိက



ပို့စမောက်မြို့ကိုသွားမယ်ပြင်တော့ ကောင်းကင်မှာ မိုးကညို့ညို့မှိုင်းမှိုင်း။ တည်းခိုရာကျောင်းက ကားစထွက်လို့ မကြာမီမှာပဲ မိုးကရွာပါလေရော။ အုံ့ဆိုင်းညိုရီနေတဲ့ ကောင်းကင်ပြင်ကြီးနဲ့အတူ စိမ်းစို့ကာ လှိုင်းထနေတဲ့ လမ်းဘေးဝဲယာ သစ်တောတွေကြားမှာ မကျယ်လှတဲ့ မော်တော်ဝေးလမ်းမပေါ်ကနေဆိုတော့ ကြည့်လေရာရာ မြင်ရသမျှက မပီဝိုးဝါး။ ဒီအချိန်မျိုးမှာ ကိုယ်နဲ့အတူ ထာဝရရှိနေတတ်တဲ့ ကိုယ့်အိပ်မက်ထဲက ဇာတ်ဆောင်တွေရဲ့ သရုပ်ဆောင်ချက်တွေက ပိုပြီးပီပြင် လင်းလက်လာတတ်တယ်။ ကိုယ့်အတွေးထဲမှာလည်း ဇာတ်လမ်းပေါင်းများစွာက တစ်ခုပြီးတစ်ခု။ ရာသီရဲ့ အထောက်အပံ့က အလွမ်းဇာတ်တွေသာ ပိုခေါ်လာတာများသလို သူတို့ကပဲ ရာသီနဲ့ပိုပြီး လိုက်ဖက်ညီစွာ တထပ်တည်းဖြစ်နေတတ်ပြန်တယ်လေ။ ကဲသဲတဲ့မိုးကြောင့် ကားကိုလည်း နှေးနှေးပဲ မောင်းနိုင်ခဲ့တယ်။ မိုင် ၇၀ ကျော် ခန့်ဝေးတဲ့ခရီး ၂ နာရီလောက်ကြာသွားတယ်။ ပို့စမောက်ရောက်တော့ မနက် ၁၀ နာရီနီးနီး။ လမ်းတလျှောက်လုံး သဲခဲ့ ကဲခဲ့တဲ့မိုးက ခုတိုင်လည်း အညိုးတကြီး ရွာနေဆဲ။

ဂန်းဝှပ်ဖ်ကေး **(Gunwharf Quays)** ဆိုတဲ့ ပို့စမောက်ဆိပ်ကမ်းအနီးရှိ ဈေးဆိုင်ကြီးအောက်က ကားရပ်ရာနေရာမှာ ကားထားပြီး အပေါ်ထပ် ဈေးဆိုင်တွေဆီ တက်ခဲ့တယ်။ ရှော့ပင်မောက အချို့ဆိုင်တွေက စဖွင့်စ။ အချို့ကတော့ ဖွင့်ဖို့ပြင်ဆင်နေဆဲပဲ ရှိသေး။မိုးအစဲကိုစောင့်ရင်း စပင်နကာအောက်လက် ရှော့ပင်မောထဲမှာ ခဏနားနေလိုက်တယ်။ ကိုယ့်အတွက် ကံကောင်းခြင်းလက်ဆောင်က မကြာမီမှာပဲ မိုးလင်းသွားခြင်းပါပဲ။ သို့ပေမယ့် ကောင်းကင်တခွင်မှာတော့ တိမ်ညိုမဲတို့က နောက်တစ်ကြိမ် ရွာသွန်းဖြိုးဖို့ အားခဲလို့နေဆဲ။ လွမ်းရစ်ဝေသီ နေခြည်မခ မှုန်ရီပျပျ သဘာဝကို မြတ်နိုးလှပစွာ ချစ်တတ်တဲ့ ကိုယ့်အဖို့တော့ ဒီအနေအထားလေးကပင်လျှင် ထပ်ဆင့်လို့ ရင်ခုန်ချင်စရာ ဖြစ်ရပြန်တာပေါ့။ ကောင်းကင်တခို မိုးတိမ်ညိုတို့ ရွာလိုဟန်ပြ သဘာဝဟာ တူစွသဏ္ဍာန် လူဟန်လေလား။

ပြာရည်ညိုမှိုင်း ရေဇလာ သီတာဝိုင်းနေတဲ့ ဆိပ်ကမ်းအလှ ပသာဒကို မျှော်ငေးတမ်းတ ရင်ခုံရသ အပြည့်အဝနဲ့ ကြည့်မြင်လိုသပ ဆိုလျှင်ဖြင့် ပို့စမောက်ကို ကြွခဲ့ပါတဲ့–ပို့စမောက်မြို့ရဲ့ တာဝန်ရှိသူတွေက ဆိုတယ်။ ပို့စမောက်မြို့ရဲ့ ဟောဒီဆိပ်ကမ်းသာလေးဆီ မရောက်ခဲ့ဘူးဆိုလျှင်ဖြင့် ဒီလူတွေနှယ်နော် ပိုရန်ကောလို့ ကိုယ်ကဆိုကောင်း ဆိုနေဦးမှာ။ ခု ပို့စမောက်ကို ကိုယ်ရောက်တော့ အော်သူတို့တွေ ဒီထက်ပိုတဲ့ စကားလုံးရှာမတွေ့လို့သာ ခုလောက်ပဲ ပြောတာဖြစ်လေမှာလို့ ကိုယ်က မှတ်ထင်မိတယ်။



ပို့စမောက်ဟာ ရှည်လျားတဲ့ အင်္ဂလိပ်သမိုင်းကြောင်းနဲ့အတူ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်၊ သက်ဝင်လှုပ်ရှားနေတဲ့ အနုပညာနဲ့ ဈေးဝယ်ထွက်ရာ နေရာ။ ပင်လယ်အစားအစာနဲ့ အပျော်ကြူးတတ်သူများအတွက် ဘားစတာတွေနဲ့ ခမ်းနားပေါကြွယ်တဲ့ အလှတွေနဲ့ ပြည့်စုံပါတယ်လို့လည်း ညွှန်းဆိုပါတယ်။ တစ်နာရီ၊ တစ်နံနက်၊ တစ်နေ့၊ တစ်ရက်၊ တစ်သက်ပင်နေနေ သင့်အတွက် စိတ်လှုပ်ရှားဖွယ်ရာ၊ မရိုးနိုင်တဲ့ ကြည့်ရှုစရာတွေနဲ့ အပြည့်ဖြစ်

နေမှာပါတဲ့။ သူတို့ဘယ်လောက်ပဲ ဆိုဆို။ ဒါဟာ အပိုဆိုတာ မဖြစ်နိုင်ပါဘူးလေလို့ ကိုယ်ကလည်း ထင်မိပါတယ်။ ခုပဲ ကြည့်ပါလား။ ရီဝေဝေ၊ ပြာလွလွ၊ ပြုံလုဆဲ တိမ်လွှာတွေရဲ့အလှနဲ့ ပို့စမောက်မြို့လေးကို ဝန်းရံထားတဲ့ အင်္ဂလိပ်ရေလက်ကြား ရေပြင်ကျယ်ရဲ့ မှိုင်းမို့မို့မှုံပြာ ရေပြင်သီတာ၊ ဒီနှစ်လွှာ ဂဟေစပ်ကာ ပေါင်းစပ်ထားပုံရဲ့ အလှက ရှုသွပ်ဖွယ်ကောင်းလောက်အောင် ဖမ်းစားနိုင်လွန်းပါတယ်။ ဒါ ကိုယ်အပိုပြောတာ မဟုတ်ပါဘူး။ ကိုယ်ပြောသမျှထက် အဆ ရာထောင်မက ပိုလွန်ပြီး လှပဲလှနိုင်လွန်းလှပါတယ်။ အဲပေ့ါလေ။ ကောင်းကင်နဲ့သမုဒ္ဒယာဆိုတာ ဖန်ဆင်းမှုလွန် ဟိုဖက်မှာ ရှိနေတဲ့အရာများပဲဟာ။ ဘယ်ဒေဝတာ၊ ဘယ်ထာဝရ၊ စိတ်ရှိတိုင်း ချယ်ကာသလေတဲ့ အလှကမှ ဒီသဘာဝကို မီနိုင်လေပ့ါမလဲ။

ပို့စမောက်ဆိပ်ကမ်းကိုရောက်တာနဲ့ အားလုံးရဲ့အမြင်ကို ညှို့ယူနိုင်မယ့်အရာဟာ **(Spinnaker Tower)** စပင်နကာ မျှော်စင် အဆောက်အဦသစ်ကြီးပဲ ဖြစ်မှာပါ။ မီတာ ၁၇၀ (၅၅၈ ပေ) မြင့်တဲ့ ဒီစပင်နကာဟာ ဂန်းဝပ်ဖ်ကေးမှာ အထင်ရှားဆုံးနဲ့ အမြင့်မားဆုံး အရာလည်းပဲဖြစ်ပါတယ်။ လန်ဒန်မြို့ ပြင်ပမှာရှိတဲ့ အင်္ဂလန်နိုင်ငံရဲ့ အမြင့်ဆုံး အဆောက်အဦးတဲ့။ ဒီထိပ်ဖျားကနေ တက်ကြည့်ရင်ဖြင့် ပို့စမောက်ဝန်းကျင်တစ်ခုလုံး စုပေါင်းသိမ်းကြုံးကာ မြင်ကွင်းထဲ ယူဆောင်လာနိုင်ပါတယ်ဆိုတော့ ဒီအပေါ်ကို ထိပ်ဆုံးအထိ တက်ရောက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါက ရောက်တောင့်ရောက်ခဲ၊ ရတောင့်ရခဲ၊ အခွင့်အလမ်းပဲ မဟုတ်လား။

ပို့စမောက်ဆိုတာ အင်္ဂလိပ်တွေ ကမ္ဘာကိုစိုးမိုးနိုင်ခဲ့တဲ့ တော်ဝင်ရေတပ်အင်အားနဲ့ ဆက်စပ်နေတဲ့ နေရာလည်းဖြစ်တယ်။ ရှေးအကျဆုံး ရေကြောင်းဆိုင်ရာများရဲ့ အဓိကကျတဲ့ နေရာတစ်ခုလည်းဖြစ်တယ်။ ပို့စမောက်က အင်္ဂလန်နိုင်ငံရဲ့ တစ်ခုတည်းသော ကျွန်းမြို့တစ်မြို့လည်းဖြစ်သတဲ့။ ပုမ်ပေလို့လည်းခေါ်တဲ့ ဒီမြို့ဟာ လေးဘက်လေးတန် ရေပတ်လည် ဝိုင်းလျက်ရှိနေတာကို စပင်နကာဆိုတဲ့ ခေတ်မီမျှော်စင်အဆောက်အဦထိပ်က တက်ကြည့်ရင်ဖြင့် သိရမှာပါ။



စပင်နကာ ပေါ်ကနေ ဟိုးအဝေးဆီကို လှည့်ပတ်ကာ လှန်းမျှော်ကြည့်လိုက်လျင် ၃၂၀ ဒီဂရီ မြင်ကွင်းကျယ် စီးမိုးကာ မြင်ရတဲ့ ပို့စမောက်ဝန်းကျင်ရှုခင်းဟာ အသက်ရှူ မေ့သွားနိုင်လောက်စရာပါ။ နေသာတဲ့အချိန်များမှာ ၂၃ မိုင်အဝေးကိုတောင် ထင်ထင်ရှားရှား မြင်နိုင်ပါတယ်တဲ့။ စနစ်တကျ တည်ဆောက်ထားတဲ့ ပုမ်ပေရဲ့ မြို့ပြအလှ၊ အဟောင်းနဲ့ အသစ် တရစ်ပြီးတစ်ရစ် ဖြစ်နေဟန် ပုမ်ပေရဲ့သဏ္ဍာန်က အံ့မခန်းလောက်စရာ။ ပုမ်ပေရဲ့ ရေပြာပြာ ဆိပ်ကမ်းသာမှာလည်း စီကာရီကာ ညီညာညာ လှေသင်္ဘောများကလည်း ရောင်စုံအရုပ်လှလှလေးတွေ စီထားသည့်နှယ်။ အလှရသ မြင်လို့ဝလို့ စိုးထိတ်ရသ ခံစားကြည့်လိုသပဆိုလျင်လည်း အဝေးကို မငေးပဲ ကိုယ့်ခြေထောက်အောက်တည့်တည့် ငုံ့ကြည့်လိုက်ပ့ါ။ စပင်နကာမျှော်စင်ထိပ်ဖျား၊ ၆ ပေစတုရန်းပတ်လည်မျှ ဖြန့်ခင်းထားတဲ့ မှန်သားပြင်ပေါ်ကနေ အောက်ကိုငုံ့လို့ကြည့်လိုက်ပါလျင်လည်း သည်းထိတ်ရင်ဖိုဖွယ်။ အမြင့်ကြောက်ရောဂါ **(Aeroacrophobia)** ရှိတယ်ဆိုလျင်တော့ ဒီမှန်သားပြင်နေရာလေးပေါ်မှာ စမ်းသပ်ကာ လမ်းလျှောက်ကြည့်လို့ တော်မယ် မဟုတ်ဘူးပေ့ါ။

စပင်နကာ မျှော်စင်ပေါ်ကနေ ပြန်ဆင်းအလာမှာတော့ ပုမ်ပေဝန်းကျင်တခွင် နေရောင်ခြည်ဖြာဝင်း လင်းလက်လို့နေပြီလေ။ မိုးညိုမှိုင်းစဉ်မြင်ရတဲ့ ပုံပေအလှနဲ့ နေသာချိန်မြင်ကွင်းက အတော်ခြားနားလို့သွားတယ်။ မိုးအုံ့ဆိုင်းနေစဉ်က မတွေ့ရတဲ့ နေရောင်ပျော်တွေလည်း ဂန်းဝှပ်ဖ် ဆိပ်ကမ်းတစ်ခုလုံး ဖွေးဖွေးလှုပ်မျှ ထွက်လာကြပြီ။ ဒီလူတွေ နေရောင်ခင်တတ်ပုံက အံ့ပဲ အံ့ဩစရာ။

နေရောင် လင်းဖြာနေပေမယ့် ရေလက်ကြားကိုဖြတ်တိုက်လာတဲ့ လေအေးအေးလေးက နွေးထွေးမှုနဲ့ ကိုယ့်ကိုယ်ဝေးနေစေဆဲ။ နွေးနွေးထွေးထွေး ဝတ်မလာတဲ့ ကိုယ့်အဖို့ အအေးဓာတ်က ထွေးပတ်ထားလိုက်တာများ လက်ဖျားများပင် အေးလို့လာတယ်။ အော် လန်ဒန်မှာနေစဉ်က အနွေး၊ ဘာမှသိပ်ပြီး မဝေးသေးတဲ့ ဒီပုမ်ပေမှာ အေးနေပြန်

တော့ ကိုယ်နေထိုင်ရာ ဆန်ဖရန်စစ္စကို ပေးရေိယာကို ပြေးလို့ သတိရမိတယ်။ ကိုယ်နေထိုင်တဲ့ ဖရီးမောင့်မြို့လေးမှာ နေခြည်သွေးလို့ နွေးနေချိန်။ ဟိုး ဘာမှ သိပ်မဝေးလှတဲ့ ဆန်ဖရန်စစ္စကိုလို၊ ဒေလီးစီးတီးလိုမြို့များမှာတော့ မှောင်ရီမှုန်ပျ ချမ်းတုံတမျှ အအေးဓာတ်က သဲကဲလို့နေတတ်ပြန်ရော။ ပုံပေနဲ့ ဆန်ဖရန်စစ္စကို ပေးရေိယာဒေသနဲ့လည်း သဘာဝက ခပ်ဆင်ဆင် မဟုတ်လား။ ပင်လယ်ကွေ့တစ်ခုအနီးက မြို့ပြတွေပဲလေ။ ကိုယ်တို့က ပစိဖိတ်ရဲ့လက်တက်နယ်မြေ။ ပုမ်ပေက အတ္တလန်တိတ်ရဲ့ အဆွယ်အပွား။ ဒါလောက်ပဲ ခြားနားတာပဲဟာ။ ဒီရေ၊ ဒီလေ၊ ဒီမြေဒေသတွေဆိုတာက တစ်ဆက်တည်း တစ်သားတည်းသာပါပဲလေ။ ဘယ်အရာကို ဘာနဲ့မှ ကွဲပြားအောင် ခွဲခြားဖို့သင့်တာမျိုးမှလည်း မဟုတ်တာ။




နေသာနေတဲ့ ညနေပိုင်းမှာတော့ ပို့စမောက်မြို့ရဲ့ အရှေ့တောင်ယွန်းယွန်းမှာရှိတဲ့ အဋ္ဌမမြောက် ဟင်နရီဘုရင်တည်ဆောက်ခဲ့တဲ့ ဆောက်ဆီး ရဲတိုက်ဖက်ကို သွားခဲ့တယ်။ ခုတော့ ရဲတိုက်က ပြတိုက်ဖြစ်နေရဲ့။ ကိုယ်တို့ရောက်တာ အနည်းငယ်နောက်ကျသွားတော့ ပြတိုက်က ပိတ်သွားပြီ။ ရေလက်ကြားတစ်ခုသာခြားတဲ့ ပြင်သစ်တွေနဲ့ မကြာခဏစစ်ပွဲတွေဆင်နွှဲလေ့ရှိခဲ့တဲ့ အင်္ဂလိပ်တွေအဖို့ ပင်လယ်ရေကြောင်းဆိုင်ရာမှာ အားသာအောင် ကြိုးစားအားထုတ်ခဲ့မှုရဲ့ ပြယုဂ်ကို ဒီပုံပေမှာ တွေ့ရတယ်လို့ ဆိုနိုင်မလားပါ။ ရဲတိုက်ပေါ်မှာ တွေ့ရတဲ့ ရှေးဟောင်းလက်ရာ အမြောက်လက်နက်များ၊ ခံတပ်ကတုတ်များအပြင် ရေလက်ကြားအတွင်း ဖြတ်ဝင်လာမယ့် ရန်သူတွေကို ခြေမှုန်းဖို့ ပင်လယ်ပြင်အတွင်းမှာ ကျွန်းငယ်လေးများပမာ ဖန်ဆင်းတည်ဆောက်ထားတဲ့ အဆင့်ဆင့်ခံတပ်များက အင်္ဂလိပ်တို့ရဲ့ တစ်ခေတ်တစ်ခါက ကမ္ဘာကိုစိုးမိုးနိုင်စွမ်း ဖြစ်ခဲ့မှုရဲ့ ထင်ရှားတဲ့ သင်္ကေတများပါပဲ။

ဆောက်ဆီးရဲတိုက်အနီးက ကွင်းပြင်ကြီးအတွင်းမှာတော့ အဋ္ဌမမြောက်ဟင်နရီဘုရင် နန်းတက်ခြင်းအနှစ်ငါးရာမြောက် နန်သိမ်းပွဲတော် အထိမ်းအမှတ်အတွက် ဖျော်ဖြေဖို့ တီးဝိုင်းတွေ၊ ကပွဲစင်တွေကိုလည်း ခမ်းနားကြီးကျယ်စွာ ပြင်ဆင်နေရဲ့။ ရေကြောင်းနဲ့အောင်နိုင်ခဲ့သူတွေဆိုတော့လည်း သူတို့ရဲ့ ကပြမယ့်ဇာတ်တွေထဲမှာ ပင်လယ်ဘဝတွေ အကြောင်း ပါဟန်ထင်ပဲ့။ ကြီးမားလှတဲ့ ရွက်သင်္ဘောကြီးတစ်ခုကိုလည်း ကွင်းပြင်အလယ်မှာ တည်ဆောက်နေလေရဲ့လေ။ ကမ်းခြေတဝိုက်မှာလည်း လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ဝန်းကျင်က တည်ဆောက်ထားတဲ့ အင်္ဂလိပ်တို့ရဲ့ နည်းပညာတွေက တချို့နိုင်ငံနဲ့ တချို့ဒေသတွေမှာ ခုတိုင်အောင် တွေ့မြင်နိုင်ဖို့ ရှားပါးနေဆဲပါပဲ။



ကမ်းခြေတစ်လျှောက် စနစ်တကျ ဖောက်လုပ်ထားတဲ့ လူသွားစင်္ကြံန်လမ်းပေါ်မှာတော့ လမ်းလျှောက်နေသူတွေ၊ ပြေးလွှားနေသူတွေနဲ့ အပြည့်။ ပင်လယ်ကဝင်လာမယ့် ရန်သူတွေကို ကာကွယ်ရင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာနိုင်မှုကိုလည်း ဟန့်တားဖို့ရာ ဆောက်လုပ်ထားတဲ့ ရေကာတာ၊ ရန်သူကာတာ ဘောင်ရိုးကြီးတစ်လျှောက်ပေါ်ရှိ ထိုင်ခုံများပေါ်မှာတော့ ပင်လယ်လေညင်းခံ အပန်းဖြေ အနားယူနေသူတွေက မနည်းလှ။ တချို့က တစ်ဦးစီ၊ တချို့က အဖော်နဲ့။
ကိုယ်ကတော့ နားချည်တစ်လှည့် သွားချည့် တခါ၊ ပုမ်ပေကမ်းခြေမှာ တစ်နာရီကျော်ကျော်လောက် ကြာကြာ လမ်းသလားကာ ကမ္ဘာလှည့်ခရီးသွားတစ်ဦး လုပ်လို့နေခဲ့တယ်။ ကိုယ်ဘာအတွက် ခုလို ခရီးသွားနေတယ်ဆိုတာကို အခြားသူတွေ မသိလျင်တောင် တမလွန်က ဘုရင်ဟင်နရီကတော့ ကောင်းကောင်းသိနိုင်မှာပါ။ ။